## နှစ် (၆၀) ဆဲဗင်းဂျူလိုင်ပြည့်နှစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာ၏ အမှာစကား။

## ၂၀၂၂ခုနှစ်၊ ဇူလိုင် (၇) ရက်နေ့

ခေတ်အဆက်ဆက် စစ်အာဏာရှင်များသာ မအုပ်ချုပ်ခဲ့လျှင် မြန်မာနိုင်ငံသည် ကမ္ဘာတွင် အချမ်းသာဆုံးသောနိုင်ငံ တစ်နိုင်ငံဖြစ်နေတာကြာပြီ။

အကြမ်းဖက် စစ်ခေါင်းဆောင် အာဏာရှင် နေဝင်းက မတ်လ၊ (၂) ရက်နေ့၊ ၁၉၆၂ ခုနှစ်တွင် ပြည်သူ့အာဏာကို စစ်လက်နက်များ အသုံးပြုပြီး မသိမ်းခဲ့လျှင် မြန်မာနိုင်ငံသည် အာဆီယံတွင်သာမကပဲ ကမ္ဘာ့အလယ်တွင် အချမ်းသာဆုံး၊ အကောင်းဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်မည်ကို မြန်မာနိုင်ငံ၏ အရင်က ချမ်းသာကြွယ်ဝမှုများက သက်သေပြနေပါသည်။ အကယ်၍ လွန်ခဲ့သော နှစ်ပေါင်း (၆၀)တွင် ဤကဲ့သို့သော အကြမ်းဖက် စစ်ခေါင်းဆောင်များ မထွန်းကားခဲ့လျှင် မြန်မာနိုင်ငံသည် G7 တွင် ပါဝင်သောနိုင်ငံ၊ အာရှတိုက် တစ်ခုလုံးကို အကျိုးပြုသော နိုင်ငံ၊ အဖွံ့ဖြိုးဆုံး၊ အတိုးတက်ဆုံးနိုင်ငံဖြစ်မည်ကို မြန်မာနိုင်ငံ၏ ချမ်းသာကြွယ်ဝခဲ့သော သမိုင်းက သက်သေပြလျက်ရှိပါသည်။

လွန်ခဲ့သော နှစ်(၆၀) ဇူလိုင်လ (၇)ရက်နေ့၊ ၁၉၆၂ ခုနှစ်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသော ကျောင်းသားများကို အကြမ်းဖက် ဖြိုခွင်းခဲ့သည်။ ကျောင်းသားတွေ အမြတ်တနိုးထားရာ ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဗုံးဖောက်ခွဲ ဖျက်စီးခဲ့သည်။ ဤသွေးစွန်းခဲ့သော နေ့ရက်ကို ဆဲလ်ဗင်း ဇူလိုင်ဟု သတ်မှတ်ကာ နှစ်စဉ်အောက်မေ့သတိရခဲ့ကြသည်။ ဤအကြမ်းဖက် စစ်ခေါင်းဆောင်များသည် ကျွန်ုပ်တို့ ဘိုးဘွားခေတ်၊ မိဘခေတ်၊ ယခု ကျွန်ုပ်တို့ခေတ်အထိ ခေတ်အဆက်ဆက် ကျွန်ုပ်တို့ မြန်မာပြည်သူများကို ခေါင်းပုံဖြတ်ခြင်း၊ ရက်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဖိနှိပ်ချုပ်ခြယ်ခြင်း၊ နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုများကို ခိုးယူခြင်း၊ ၎င်းခိုးယူထားသည့် ငွေဖြင့် စစ်လက်နက်များကို ဝယ်ယူခြင်း၊ ၎င်းဝယ်ယူထားသည့် စစ်လက်နက်များဖြင့် ပြည်သူများ၏ နေရပ်များကို လေယာဉ် ဖြင့် ဗုံးကြဲခြင်း၊ အောက်ခြေမြေပြင်တွင် စစ်လက်နက်အမျိုးမျိုးဖြင့် တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း စသည့် ရာဇဝတ်မှု အမျိုးမျိုးကို သမိုင်းတလျှောက် ကျူးလွန်ခဲ့ကြသည်။ အကြမ်းဖက် စစ်ခေါင်းဆောင်များသည်  မြန်မာ နိုင်ငံ လွတ်လပ်ရေးမရခင်ကတည်းကပင် မြန်မာပြည်သူလူထုကို စစ်ကျွန်ဘဝအောက်ထားဖို့ရန်အတွက် ရည်ရွယ်ချက်ရှိရှိ ပြင်ဆင်လုပ်ဆောင်လာခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကိုနောက်လှည့်ကြည့် လိုက်လျှင် ကမ္ဘာကို ထမင်းကျွေးနိုင်သော မြန်မာနိုင်ငံကို တွေ့ရမည်။ ကိုးရီးယားကျွန်းဆွယ်တွင် စစ်ဖြစ်တုန်းက စားစရာ ဆန်မရှိသောကြောင့် မြန်မာနိုင်ငံက ပို့ပေးခဲ့ရဖူးသည်။ လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကို နောက်လှည့်ကြည့်လိုက်လျှင် မြန်မာနိုင်ငံ ၏ ပညာရေးစနစ်၊ ချမ်းသာကြွယ်ဝမှုကို စင်ကာပူနိုင်ငံကတောင် အားကျရပြီး မြန်မာနိုင်ငံကဲ့သို့ ဖြစ်ချင်ခဲ့သည်။ စစ်ခေါင်းဆောင်များ၏ ရက်စက်ယုတ်မာခြင်းကြောင့် မြန်မာနိုင်ငံသည် ယခုဆိုလျှင် ထမင်းငတ်နေသော နိုင်ငံဖြစ်နေပါသည်။ ယခုဆိုလျှင် စင်ကာပူနိုင်ငံနှင့် နှိုင်းယှဉ်လို့မရသော နိုင်ငံဖြစ်နေပါသည်။

ယခုဆိုလျှင် အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် သူ၏အပေါင်း အပါများ၏ ရက်စက်ကြမ်းကြုတ်ခြင်း၊ အကြမ်းဖက်ခြင်းကြောင့် မြန်မာနိုင်ငံတွင် နေ့စဉ်နေ့တိုင်း သွေးမြေခလျက်ရှိပါသည်။ အကြမ်းဖက်စစ်ခေါင်းဆောင် ဦးဆောင်သောအကြမ်းဖက် စစ်သား များ၏ ရက်စက်ယုတ်မာမှုများကြောင့် မြန်မာနိုင်လူဦးရေ ထက်ဝက် (၂၇)သန်း ခန့်သည် ငတ်မွတ် ခေါင်းပါးခြင်းကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ၎င်းအနက် မြန်မာပြည်သူ (၁၅) သန်း ကျော်သည် အကူအညီမရှိလျှင် မဖြစ်တော့သည့် အခြေအနေကို ရောက်ရှိနေကြသည်။ ၁.၂ သန်းခန့် ရှိသော မြန်မာပြည်သူလူထု သည် အိုးမဲ့အိမ်မဲ့ဖြစ်နေကြပြီး တောတောင်ထဲရှိ ဒုက္ခသည် စခန်းများတွင် သောင်တင်နေကြသည်။ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုရားကျောင်းများ အပါအဝင် အိမ်ခြေ၂ သောင်းကျော်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်။

မီးလောင်နေသော မြန်မာနိုင်ငံကို မီးငြိမ်း စေဖို့ရန် ကျွန်တော်တို့ ပြည်သူလူထု တစ်ဦးချင်းစီတိုင်းမှာ တာဝန်ရှိသကဲ့သို့ သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရများတွင်လည်း တာဝန်ရှိပါသည်။ သွေးထွက်နေသော မြန်မာနိုင်ငံကို သွေးတိတ်စေဖို့ရန်အတွက် ကျွန်တော်တို့ တစ်ဦး ချင်းစီတိုင်းတွင် တာဝန်ရှိသကဲ့သို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရများတွင်လည်း တာဝန်ရှိသည်။ ကျွန်တော်တို့အားလုံးသည်ကျွန်တော်တို့ကို သတ်ဖြတ်နေသော စစ်ခေါင်းဆောင် များကို အနိုင်မရမချင်း ဆက်လက်ချီတက်တော်လှန်မည် ဖြစ်သလို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရများအနေဖြင့်လည်း အကြမ်းဖက် စစ်ခေါင်းဆောင်များနှင့် ၎င်းတို့၏ အပေါင်းအပါများကို ပြင်းထန်စွာ ဒဏ်ခတ်ပိတ်ဆို့ အရေးယူပြီး မြန်မာပြည်သူလူထု၏ လွတ်လပ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီအရေး အတွက် တော်လှန်ရေးကို အားပေးကူညီထောက်ပံ့ရန် တာဝန်ရှိ ပါသည်။

ယူကရိန်း တစ်နိုင်ငံကို ရုရှားက အကြမ်းဖက်ခြင်းကြောင့် တစ်ကမ္ဘာလုံး လက်ရှိတွင် စားဝတ်နေရေး ခေါင်းပါးပြီး ကမ္ဘာ့စီးပွားရေး၊ အစားအစာလုံခြုံရေး စသည့်တို့ကို ထိခိုက်နေသည်မှာ အားလုံးအသိ ပင်ဖြစ်သည်။ ထိုကဲ့သို့ပင် မြန်မာပြည်သူလူထု၏ တော်လှန်ရေးသည် ကမ္ဘာ့စားဝတ်နေရေး ဖူလုံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လွတ်လပ်ရေး တို့အတွက် အရေးကြီးသည်ကို အပြည်ပြည်ဆိုင်ရာ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများနှင့် အစိုးရများက သိနှင့်ပြီးသား ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အရေးတော်ပုံ အောင်မြင်နိုင်ရေးအတွက် မြန်မာပြည်သူလူထု တစ်ဦးချင်းစီတွင် တာဝန်ရှိသကဲ့သို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရများ၊ ခေါင်းဆောင်များတွင်လည်း တာဝန်ရှိသည်။ ၎င်းသမိုင်းကပေးသော တာဝန်များကို ကျွန်တော်တို့တတွေ ကျေပွန်စွာထမ်းရွက်ဖို့ အလွန့်အလွန် အရေးကြီးပါသည်။

မြန်မာပြည်သူလူထု၏ နွေဦးတော်လှန်ရေးသည် နှစ်ပေါင်း (၆၀)ကြာအမှောင်ထုကြီးကို နိဂုံးချုပ်စေ ရပါမည်။ အကြမ်းဖက် စစ်အာဏာရှင် စနစ်ကို အမြစ်ပြတ်ချေမှုန်းပြီး မြန်မာနိုင်ငံကို မြန်မာပြည်သူ ပြည်သားအားလုံး အတွက်ဖြစ်သော ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ထောင်ခြင်းကလွဲလို့ မြန်မာနိုင်ငံ အနာဂတ်အတွက် အခြားနည်းလမ်းမရှိပါ။ ခေတ်အဆက်ဆက် အကြမ်းဖက် စစ်ခေါင်းဆောင်များ၏ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် ၎င်းတို့၏ အာဏာရှင်စနစ်ကို အမြစ်ပြတ် ချေမှုန်းနိုင်သောနေ့သည် နွေဦးတော်လှန်ရေး အောင်မြင်သောနေ့ဖြစ်သည်။

ထိုနေ့သည် မြန်မာပြည်သူလူထုအားလုံးအတွက် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ စတင်တည်ထောင်သော နေ့ဖြစ်သည်။ ထိုနေ့ရက်သို့ မရောက်မချင်း နောက်မဆုတ် လက်မမြှောက်ပဲ အတူတကွ ချီတက်ကြမည်။ အကောင်းသည် အဆိုးကို အနိုင်ရသကဲ့သို့ ကျွန်တော်တို့ မြန်မာပြည်သူလူထုများသည် အကြမ်းဖက် စစ်ခေါင်းဆောင်များကို မုချအောင်နိုင်ရမည်။ ဓမ္မသည် အဓမ္မကို အနိုင်ရသကဲ့သို့ မြန်မာ့နွေဦး တော်လှန်ရေးသည် မုချအောင်ရမည်။ လူ့အခွင့်အရေးကို အပြည့်အဝ ခံစားခွင့်ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီ စနစ်သည် လူ့အခွင့်အရေးကို ချိုးဖောက်ဖျက်ဆီးနေသော အကြမ်းဖက် စစ်အာဏာရှင်စနစ်ကို မုချအနိုင်ရလိမ့်မည်။

**အရေးတော်ပုံ မုချအောင်ရမည်။**

**ဒေါက်တာ ဆာဆာ**

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး**
**မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ**
**ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ၏ အထူးကိုယ်စားလှယ်ဟောင်း**